သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ★ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ★

စာအမှတ် ----------------

ရက်စွဲ ----------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

**ညွှန်ကြားချက်အမှတ်(၀၀၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လေကြောင်းမှတင်သွင်းရာတွင် ကုမ္ပဏီများက လိုက်နာရန်ကိစ္စအတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မုတ်ကောင်သားဖောက် ပုလဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများသည် **အမေရိကန်ဒေါ်လာ ၅၀၀ အောက် တန်ဖိုးရှိ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လေကြောင်းမှတင်သွင်းလာပါက** ပစ္စည်းအမျိုးအစား မှန်ကန်မှုရှိကြောင်း စိစစ်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ထောက်ခံချက် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများအတိုင်း လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

တင်လတ်စိုး

ဦးဆောင်ညွှန်ကြားရေးမှူး

စာအမှတ်၊ စမ- ၃၂ / ၀၁ /၂၆ ( ၂၂၁၇ )

ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ၂၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဌာနခွဲအားလုံး

ရုံးလက်ခံ